

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR-HQ VA No. 008.1 –Driver

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမို ကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ယာဉ်မောင်း

| | | |
|---|---|---|
| အရေအတွက် | : | (၂) ဦး |
| အစီရင်ခံတင်ပြမှု | : | စီမံချက်မန်နေဂျာ |
| စီမံချက်/စီမံကိန်း | : | MRCS Earthquake Response & Relief Operation |
| ဌာန | : | Mandalay Earthquake Relief and Recovery Operation (ERRO) Team |
| တာဝန်ကျရာနေရာ | : | မန္တလေး၊ စစ်ကိုင်း |
| အဆင့် | : | B-2 |
| အကျိုးခံစားခွင့်များ | : | လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအား ပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ |
| လျှောက်လွှာပိတ်ရက် | : | ၂၀၂၆ ခုနှစ်၊ မတ်လ (၉) ရက်၊ (၁၆:၃၀)နာရီ |

### စီမံချက် (သို့) ဌာနအကြောင်း မိတ်ဆက်အကျဉ်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်မှုလုပ်ငန်းများတွင် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် **Mandalay Earthquake Response & Relief Operation** အား မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်တို့တွင် ရုံးခွဲများ ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါတုံ့ပြန်ရေး၏ အဓိကကဏ္ဍများဖြစ်သည့် အမိုးအကာ၊ ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေး၊ အသက်မွေးဝမ်းကြောင်း ပြန်လည်ထူထောင်ရေးနှင့် ကာကွယ်ရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ထိရောက်သော အကူအညီများ ပေးအပ်ရန်ရည်ရွယ်ပြီး အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိပါသည်။ မြေငလျင်တုံ့ပြန်ရေးကို **Mandalay Earthquake Relief and Recovery Operation (ERRO)Team** မှ စီမံခန့်ခွဲပြီး အသင်း၏မဟာဗျူဟာပန်းတိုင်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် အသင်းဌာနချုပ်မှ ဌာနများ၊ ဌာနခွဲများ၊ စေတနာ့ဝန်ထမ်းများ၊ ရပ်ရွာလူထုများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

### ရည်ရွယ်ချက်

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*



# မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR-HQ VA No. 008.1 –Driver

**ယာဉ်မောင်းဝန်ထမ်း** သည် ဝန်ထမ်းများနှင့် အသင်းပိုင်ပစ္စည်းများကို ညွှန်ကြားချက်နှင့်အညီ စနစ်တကျ လုံခြုံစွာ သယ်ယူပို့ဆောင်ပေးရန် ဖြစ်ပါသည်။

**တာဝန်နှင့်ဝတ္တရားများ**

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးထားသော အသင်းပိုင်မော်တော်ယာဉ်ကို သတ်မှတ်ထားသော မော်တော်ယာဉ် လက်စွဲစည်းမျဉ်းစည်းကမ်းများ စာအုပ်ပါ စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ရမည်။

၂။ ဝန်ထမ်းများနှင့် ကုန်ပစ္စည်းများအား ညွှန်ကြားချက်နှင့်အညီ စနစ်တကျလုံခြုံစွာ သယ်ယူပို့ဆောင်ပေးနိုင်ရမည်။

၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းပိုင် မော်တော်ယာဉ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အုပ်ချုပ်ရေး စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ကောင်းစွာ ပြုပြင်ထိန်းသိမ်းမောင်းနှင်နိုင်ရမည်။

၄။ မော်တော်ယာဉ်ကို စနစ်တကျနှင့် လုံခြုံမှုရှိစွာသုံးစွဲကြောင်းတာဝန်ယူရန်နှင့် ထုတ်ပေးထားသော ယာဉ်ပြင် ကိရိယာများ(ဂျိုင်းထောက်၊ စက်ပြင်ကိရိယာ..စသည်) တို့ကို စနစ်တကျအသုံးပြုရမည်။

၅။ မော်တော်ယာဉ်ပြင်ဆင်မှုမှတ်တမ်းများ၊ မော်တော်ယာဉ်အသုံးပြုမှတ်တမ်းများ၊ စက်သုံးဆီသုံးစွဲမှု မှတ်တမ်း (Work Ticket) တို့ကို မော်တော်ယာဉ်စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ထိန်းသိမ်းဖြည့်စွက်နိုင်သူဖြစ်ရမည်။

၆။ ရုံးစည်းကမ်းပါအလုပ်ချိန်သတ်မှတ်ချက်အတိုင်း လုပ်ငန်းဆောင်ရွက်ရမည်။

၇။ လုပ်ငန်းလိုအပ်ချက်အရ အချိန်ပိုဆက်လက်ထမ်းဆောင်ရန် လိုအပ်ပါက လေးစားစွာ နာခံဆောင်ရွက်နိုင်ရမည်။

၈။ မော်တော်ယာဉ်အား စနစ်တကျ သန့်ရှင်းစွာထားရှိရမည်။

၉။ သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေနှင့် ညွှန်ကြားချက်များကို နားလည်သိရှိပြီး လိုက်နာဆောင်ရွက်ရမည်။

၁၀။ မော်တော်ယာဉ်အကြောင်းကောင်းစွာနားလည်ပြီး နယ်မြေလမ်းကြောင်းအခြေအနေပေါ် မူတည်၍ ကောင်းမွန်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

၁၁။ ယာဉ်ပြင်ကိရိယာအကြောင်း ကောင်းစွာနားလည်အသုံးပြုနိုင်သူဖြစ်ရမည်။

၁၂။ မော်တော်ယာဉ်နှင့်ပတ်သတ်သော အသေးစားပြင်ဆင်မှုများအတွက် စစ်ဆေးနိုင်ပြီး ပြင်ဆင်နိုင်ရမည်။

၁၃။ မိမိတာဝန်ယူရသည့်မော်တော်ယာဉ်ကို နေ့စဉ်မော်တော်ယာဉ်စစ်ဆေးမှုအတွက် သတ်မှတ်ထားသော ပုံစံပါအချက်များအတိုင်း စစ်ဆေးရမည်၊ စစ်ဆေးရန် တာဝန်ပေးအပ်ပါကလည်း အလားတူ ဆောင်ရွက်ပေးရမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"





<u>လိုအပ်သောအရည်အချင်းများ</u>

- **အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။**
- ယာဉ်မောင်းလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိရမည်။
- သက်တမ်းမကုန်ဆုံးသေးသော ယာဉ်မောင်းလိုင်စင် လက်ဝယ်ရှိရမည်။
- မြန်မာစာကောင်းမွန်စွာရေး/ဖတ်နိုင်ရမည်။
- လူမှုဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းရမည်။
- ကြက်ခြေနီအခြေခံမှုများနှင့်အညီ အသင်း၏လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက် နိုင်ရမည်။
- အရက်သေစာနှင့် မူးယစ်စေတတ်သောအရာများ မသုံးစွဲသူဖြစ်ရမည်။
- ပြစ်မှုမှတ်တမ်းကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်ရသူဖြစ်ရမည်။
- မော်တော်ယာဉ်အသေးစားပြင်ဆင်မှု လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမှု (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမှုများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူ ဖြစ်ရမည်။
- ကြက်ခြေနီနှင့်လခြမ်းနီလူမှုကရုဏာလှုပ်ရှားမှုများတွင် အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက် ထားပါက ဦးစားပေးမည်။

*****စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်။** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့ လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*